# မြန်မာနိုင်ငံတော်ဗဟိုဘဏ်
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရန်ကုန်ဘဏ်ခွဲ၊ အမှတ် (၄၅)၊ တက္ကသိုလ်ရိပ်သာလမ်းဘဏ်ရိပ်သာ၊ အငယ်တန်းဝန်ထမ်းအိမ်ရာ (၄) ခန်းတွဲ RC (၃) ထပ် အဆောက်အဦ (၅၀'x၃၅') (မြို့ပြ၊ ရေသန့်၊ လျှပ်စစ်) အပါအဝင် တည်ဆောက်ခြင်း( ၅၀'x၃၅' (၂) ထပ် အဆောက်အဦအဟောင်း ဖြိုဖျက်ခြင်း လုပ်ငန်းအပါအဝင်) ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါစည်းကမ်းချက်များပါဝင်သော အိတ်ဖွင့်တင်ဒါပုံစံကို (၂၂-၄-၂၀၁၉) ရက်နေ့မှ (၂၆-၄-၂၀၁၉)ရက်နေ့အထိ ရုံးဖွင့်ရက်များအတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ နေပြည်တော်၊ ရုံးအမှတ် (၅၅)၊ စီမံခန့်ခွဲမှုနှင့်လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန၊ အင်ဂျင်နီယာဌာနစိတ် (မြို့ပြ) တွင် လာရောက် ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို (၈-၅-၂၀၁၉) ရက်နေ့ နောက်ဆုံးထား၍ (၀၉:၃၀) နာရီမှ (၁၆:၀၀)နာရီအတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ နေပြည်တော်၊ ရုံးအမှတ် (၅၅)၊ စီမံခန့်ခွဲမှုနှင့်လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနတွင် တင်သွင်းရန်ဖြစ်ပါသည်။ (သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။)

၄။ အိတ်ဖွင့်တင်ဒါ တင်သွင်းလိုသူသည် သတ်မှတ်ထားသော တင်ဒါအာမခံကြေး ပေးသွင်းပြီးမှသာ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံ တင်သွင်းရမည်။

၅။ အသေးစိတ်သိရှိလိုသော အချက်အလက်များရှိပါက ညွှန်ကြားရေးမှူး၊ စီမံခန့်ခွဲမှုနှင့်လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန(နေပြည်တော်)၊ ဖုန်း(၀၆၇-၃၄၁၈၅၉၅)၊ ဦးစီးအရာရှိ၊ အင်ဂျင်နီယာဌာနစိတ် (မြို့ပြ)၊ဖုန်း (၀၆၇-၃၄၁၈၅၉၄)၊ ဦးစီးအရာရှိ၊ စီမံခန့်ခွဲမှုနှင့်လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန(ရန်ကုန်ဘဏ်ခွဲ)၊ ဖုန်း (၀၁-၅၄၃၅၃၁) သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**